# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့။

အကြမ်းဖက်စစ်ကောင်စီ တပ်များသည် ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာအုပ်စုဖက်သို့ စက်တင်ဘာလ (၁) ရက်နေ့မှ ယနေ့ (၃) ရက်နေ့အထိ ( ၃) ရက်တိုင်တိုင်၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ ထိုးစစ်ဆင်လျက်ရှိပါသည်။ စက်တင်ဘာလ (၂) ရက်နေ့တွင် မနက်ပိုင်း (၇) နာရီ မှ စ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများရှိပြီး နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။

တိုက်ပွဲများအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ (၁၀) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ယနေ့စက်တင်ဘာလ (၃) ရက်နေ့ တွင်လည်း၊ မနက် (၉း၀၀) နာရီမှ စ၍ အကြမ်းဖက် စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့်အဆက်မပြတ်တနေကုန်နီးပါး ပစ်ခတ်ခဲ့ပါသည်။

စက်တင်ဘာလ (၁) ရက်နေ့မှစတင်ဖြစ်ပွားသော တိုက်ပွဲများတွင် အင်အား (၃၀၀) ခန့်၊ ယနေ့တွင် အင်အား (၅၀၀) ကျော်ဖြင့် စစ်အင်အားဖြည့်တင်းလျက်ရှိသော အကြမ်းဖက် စစ်ကောင်စီတပ်များကို KNDF နှင့် ဖယ်ခုံ PDF တို့မှ အပြင်းအထန်းခုခံတိုက်ခိုက်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန